ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး
၁၉ ရက်မြောက်နေ့ အစီအစဉ်
[၇- ၈ - ၂၀၁၃]
(ဗုဒ္ဓဟူးနေ့)

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးတင်ရှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြိတ်မြို့နယ်၊ ကြေးနန်းတိုင်- ကသာရိုင်-နန်းတော်ရာ ကျေးရွာချင်းဆက် မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ခင်းပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **သံဖြူဇရပ်မြို့နယ်၊ ကရုပ္ပိချောင်းကူးတံတားကို ပြည်ထောင်စုအစိုးရ အနေဖြင့် ငွေလုံးငွေရင်းချ၍ ပြန်လည်တည်ဆောက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အနောက်တောင်ခြမ်းရှိ ကြွယ်ကန် - မိတ္ထီလာ ကျေးရွာချင်းဆက် မြို့တက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျောက်ချောလမ်းအဖြစ် ပြုပြင်မွမ်းမံပေးသွားရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဌေယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပလက်ဝ-ကျောက်တော် ရာသီမရွေးသွားလာနိုင်သော ကားလမ်းအတွက် လိုအပ်သည့်တံတား(၃)စင်းအား ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေများတွင်လည်းကောင်း ချမှတ်ပေးရန်နှင့် ကားလမ်းနှင့် ယှဉ်တွဲလျက် မီးရထားလမ်းတည်ဆောက်ပေးရန်** အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **စစ်တောင်းတံတား(သိမ်ဇရပ်)ပေါ်မှ (၁၈)တန်ကားများ ဖြတ်သန်းခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **နေ့စဉ်ပြေးဆွဲနေသော ရထားတွဲဆိုင်းများပေါ်ရှိ တွဲစောင့်များ ခန့်ထားခြင်းသည် ခရီးသွားလုပ်သားပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/မရှိ နှင့် မီးရထားရဲဝန်ထမ်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ကျော်လွန်ဆောင်ရွက်နေခြင်းအား မည်ကဲ့သို့ ကြပ်မတ်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **လူငယ်ဖွံ့ဖြိုးရေး ဂေဟာရှိကလေးများ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှု မရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်နှင့် မြို့နယ်ခြားမှလာ၍ အိမ်ငှားနေသော ဝန်ထမ်းများကို ဧည့်စာရင်းမတိုင်စေဘဲ ပုံစံ(၁၀)ပါရှိသူများကို အိမ်ထောင်စု စာရင်း လုပ်ခွင့်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၉ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၂၀ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။